Department of Education




## မွေးကင်းစ– ၃နှစ်ခွဲအရွယ်ကလေးများနှင့် မိသားစုများအတွက် ပျော်စရာ၊ အခမဲ့၊ လူတိုင်း ပါဝင်နိုင်သော ကစားရင်းစာသင်မည့် အချိန်များ

KindyLinQ သည် မိသားစုများနှင့် ကလေးငယ်များ မူကြိုမတက်မီအရွယ်တွင် တက်ရောက်နိုင်သည့် ကစားအဖွဲ့ပုံစံဖြင့် ပြုလုပ်ပေးမည့် ကစားခြင်းအခြေပြု အခမဲ့အစီအစဉ်တစ်ခု ဖြစ်ပါသည်။

ဤအစီအစဉ်ကို KindyLinQ ဝန်ထမ်းများမှ ဦးဆောင်ပြီး မိသားစုများသည် ကလေးများနှင့်အတူ ပျော်စရာ အစောဆုံးသင်ကြားရေး အတွေ့အကြုံများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အန္တရာယ်ကင်း လှိုက်လှဲစွာကြိုဆိုသည့်နေရာ ဖြစ်ပါသည်။

ဤအစီအစဉ်အား ကျောင်းဖွင့်ချိန်ကာလအတွင်း ဖွင့်လှစ်ပါသည်။ မိမိသဘောဆန္ဒအလျောက် ပါဝင်နိုင်ပြီး မိသားစုများသည် အမြဲတစေ ၎င်းတို့၏ကလေး/ကလေးများနှင့်အတူ တက်ရောက်ရမည်ဖြစ်သည်။ နေ့ရက်နှင့်အချိန်များသည် နေရာအလိုက် ကွဲပြားပါသည်။

KindyLinQ အချိန်များသည် မူကြိုမတိုင်မီနှစ်များသင်ကြားရေးမူဘောင်အပါအဝင် အထောက်အထားအခြေပြု အစီအစဉ်များနှင့် လုပ်ငန်းစဉ်များအပေါ် အခြေခံထားပါသည်။

## ကလေးများနှင့် မိသားစုများအတွက် အကျိုးကျေးဇူးများ

မိသားစုများသည် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်ကြားရေးအတွက် လိုအပ်သော ပတ်ဝန်းကျင်ကို ထူထောင်ရာတွင် အရေးပါဆုံးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ KindyLinQ သည် အိမ်၌ ကလေး၏ သင်ကြားရေးကို ပံ့ပိုးရန် မိသားစုများအား လမ်းညွှန်မှုပေးပါသည်။

ဤအစီအစဉ်သည် မူကြိုမတက်မီအရွယ်တွင် ကလေးများ၏ သင်ကြားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းသင်းဆက်ဆံရေးကို ပံ့ပိုးပေးပါသည်။

KindyLinQ ၏ မိသားစုဗဟိုပြု ရင်းနှီးဖော်ရွေသောပုံစံသည် ပညာရေးနေရာတစ်ခုတွင် မိသားစုများကို ပညာသင်ကြားပေးသူများနှင့် သက်တောင့်သက်သာ ဆက်ဆံနိုင်စေရန် ကူညီပေးသည်။

ဤအစီအစဉ်သည် မိသားစုများအတွက် အိမ်၊ ကျောင်း၊ မူကြိုမတိုင်မီကျောင်းများနှင့် လူမှုအသိုင်းအဝိုင်းများအကြား ခိုင်မာပြီး ပံ့ပိုးပေးသည့် ဆက်သွယ်မှုများကို တည်ဆောက်ပေးပါသည်။

## ကစားခြင်းဖြင့် သင်ကြားခြင်း

KindyLinQ သည် ကြီးကြပ်ပံ့ပိုးပေးမှုရှိသည့် ကစားအဖွဲ့ပုံစံအပေါ် အခြေခံထားသည်။

KindyLinQ တွင် ကလေးများသည် ဂရုစိုက်တတ်သော လူကြီးတစ်ဦး၏ ပံ့ပိုးလမ်းညွှန်မှုဖြင့် လက်တွေ့ အတွေ့အကြုံများကို သင်ကြားရပါမည်။ ကလေးများသည် ပေါင်းသင်းဆက်ဆံရေး၊ စိတ်ခံစားမှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် အတွေးအခေါ်များနှင့် လိုအပ်ချက်များကို ထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်စေမည့် ဘာသာစကားစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရေးအပါအဝင် ယခုနှင့် နောက်ပိုင်းသင်ကြားရေးတွင် ပံ့ပိုးပေးမည့် စွမ်းရည်များကို သင်ယူမည်ဖြစ်ပါသည်။

KindyLinQ သည် အသိအမှတ်ပြု မူကြိုကျောင်းများနှင့် မိသားစုများအား ဆက်သွယ်ပေးရာတွင်လည်း ကူညီပါသည်။

**KindyLinQ ရရှိနိုင်သောနေရာများအပြည့်အစုံစာရင်းကို ကြည့်ရှုရန် Early Childhood Education and Care ဝဘ်ဆိုဒ် သွားပါပြီးလျှင် သင့်နေရာအတွက် လျှောက်ထားပါ.**